# မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် မုံ့ညင်းအုပ်စု၊ မြေနီပြင်ကျေးရွာ၏

## ကျေးရွာလက်စွဲစာအုပ်



actionaid ပံ့ပိုးကူညီသည်၊

ရက်စွဲ၊ ၂၀၂၀-ခုနှစ်၊ လ(   )ရက်

## ကျေးရွာလက်စွဲစာအုပ်တွင်ပါဝင်ရမည့် သုံးသပ်ချက်အချက်အလက်များ

၁။ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကျေးဇူးတင်ဂုဏ်ပြုလွှာ

၂။ မာတိကာ

၃။ မိတ်ဆက် (ဦးအောင်မင်းနိုင်)

၄။ ကျေးရွာအုပ်ချုပ်ရေးမှူး၏ လက်မှတ်ပါ

၅။ မြေပုံဆွဲရခြင်း၏ ရည်ရွယ်ချက်

၆။ ကျေးရွာအခြေခံသတင်းအချက်အလက်အနှစ်ချုပ်

၇။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (အစီရင်ခံစာ၊ မှတ်တမ်း၊ တက်ရောက်သူစာရင်း )အစီရင်ခံစာတွင်–ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ ရိုးရာပွဲတော်လူမှုစီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ရောင်းဝယ်ရေး၊လူမှုစီးပွားနှင့်ပတ်သက်သည့် အရာအားလုံးထည့်သွင်းရမည်။ လက်ရှိဘာရှိတယ်၊ ဘာလိုအပ်တယ်၊ ဘာဖြစ်ချင်တယ်၊စသည်များနှင့် မသန်စွမ်းသူများ၊ ထိခိုက်လွယ်သူများ အားလုံးအတွက်ပါ ထည့်သွင်းစဉ်းစားသုံးသပ်ရန်။

၈။ ရာသီခွင်ပြဇယားပုံ(အစီရင်ခံစာ၊ မှတ်တမ်း၊ တက်ရောက်သူစာရင်း)အစီရင်ခံစာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စိုက်ပျိုး မွေးမြူရေး ကျန်းမာရေး၊ရိုးရာပွဲတော်များ၊ မြစ်ရေကြီးမှု အခြေအနေများ၊ နေ့စားအလုပ်ရှိန်နှင့်ပတ်သတ်သည့် ရောဂါများ(ဝင်ငွေ၊ ထွက်ငွေ တွက်ချက်မှုပါရန်) တောင်သူငယ်များ ဝင်ငွေထွက်ငွေတွက်ချက်ရာတွင်ကျေးရွာအလိုက်တောင်သူငယ်များကို မှတ်ချက်ဖြင့် မြေဧကသတ်မှတ်ပေးရန်။ ချေးငွေထွက်ကို အလုံးစုံပါထည့်သွင်းသုံးသပ်ရန်။

၉။ ပြဿနာသစ်ပင်ပုံ(အစီရင်ခံစာ၊ မှတ်တမ်း၊ တက်ရောက်စာရင်း)သစ်ပင်တွင်အသီး၊အပင်ပေါက်ရန်။

၁၀။ ပြဿနာဖြေရှင်းမှုစက်ကွင်း(အစီခံရင်စာ၊မှတ်တမ်း၊တက်ရောက်သူစာရင်း)

၁၁။ ထူးခြားဖြစ်စဉ်ဇယား(အစီရင်ခံစာ၊မှတ်တမ်း၊တက်ရောက်သူစာရင်း)လွန်ခဲ့သောနှစ်ပေါင်းငါးဆယ်ကျော် ခြောက်ဆယ်ကျော် စသည်ဖြင့်ရသမျှထည့်သွင်းသုံးသက်ရန်။

၁၂။ အနာဂါတ်မျှော်မှန်းချက်ပြမြေပုံ(အိမ်မက်မြေပုံဟု မသုံးသပ်ရန်)(အစီရင်ခံစာ၊ မှတ်တမ်း၊ တက်ရောက်သူစာရင်း)ပညာရေး၊ကျန်းမာရေး၊ဘာသာရေး၊လူမှုစီးပွားရေး၊(ရောင်းဝယ်ရေးစသည့် လူမှုစီးပွားရေးနှင့်ပတ်သတ်သည့် အရာအားလုံးထည့်သွင်းရမည်)ရိုးရာပွဲတော်။ လမ်းပမ်းဆက်သွယ်ရေး–လက်ရှိဘာရှိတယ်၊ဘာလိုအပ်တယ်၊ဘာဖြစ်ချင်တယ်စသည်များနှင့် မသန်စွမ်းသူများ၊ထိခိုက်လွယ်သူများ အားလုံးအတွက်ပါထည့်သွင်းစဉ်းစား သုံးသပ်ရန်။ အညွှန်းဟု မသုံးဘဲ လိုအပ်ချက်များဟုသုံးရန်။ လမ်းတံတား အမာပိုင်း စဉ်းစားသလို သင်တန်း စသည့် အပျော့ပိုင်းများလဲထည့်သွင်းစဉ်းစားရန်။

၁၃။ လိုအပ်ချက်ပြဿနာအဆင့်သတ်မှတ်ခြင်း(အစီခံရင်စာ၊မှတ်တမ်း၊တက်ရောက်သူစာရင်း)

၁၄။ လိုအပ်ချက်ဇယား(အစီခံရင်စာ၊မှတ်တမ်း၊တက်ရောက်သူစာရင်း)

၁၅။ အမျိုးသမီးဆိုင်ရာသုံးသပ်ချက်(အစီခံရင်စာ၊မှတ်တမ်း၊တက်ရောက်သူစာရင်း)

CamScanner

# မိတ်ဆက်

ဤကျေးရွာလက်စွဲစာအုပ်သည် မိမိတို့ကျေးရွာ၏ လူမှုရေး၊ပညာရေးအခြေအနေ အရပ်ရပ်တို့နှင့် ဘေးအန္တရာယ် အတွေ့အကြုံများ၊ ထိခိုက်ခဲ့ရမှုများကို လူထုကိုယ်တိုင် ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်းစကားဝိုင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာခဲ့သောအကြောင်း အရာများကို မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး ၎င်းအချက်အလက်များကို အခြေခံ၍မိမိတို့ ကျေးရွာ၊ ရပ်ကွက် တိုးတက်ဖွံ့ဖြိုးလာစေရန် လိုအပ် ချက်များကို သတ်မှတ်ဖော်ထုတ်ကာ မည်ကဲ့သို့ အောင်မြင်ဖြစ်ထွန်းလာစေရန် ကြိုးဆောင်လုပ်ကိုင်နိုင်ကြမည်ဟူသော လိုအပ် ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရေးအစီစဉ်ကိုရေးဆွဲကြခြင်းဖြစ်သောကြောင့် မိမိတို့ကျေးရွာ၏ ရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ်ဖော်ထုတ်ထားသော အစီအစဉ်များ ဖြစ်သည် ဟုလည်း ဆိုနိုင်ပါသည်။

ဤကျေးရွာလက်စာအုပ်မှတ်တမ်း ပေါ်ထွက်လာစေရန်အတွက် အဓိကကူညီပံ့ပိုးကာ အချက်အလက်များကို ကျေးရွာအတွင်း စကားဝိုင်းနှင့် ဆွေးနွေးပွဲများ ပြုလုပ်ကာ မှတ်တမ်းပြုစုသူများမှာလည်း ဤကျေးရွာမှပင်ဖြစ်ကာ ယခုကဲ့သို့ မှတ်တမ်းတင် ပြုစုနိုင် ရန်အတွက်လည်း ActionAid(NGO) အဖွဲ့မှ သင်တန်းတက်ရောက်ခဲ့ပါသည်။

ထို့ကြောင့်ကျေးရွာလက်စွဲစာအုပ်သည် ဘေးအန္တရာယ်များကို မည်ကဲ့သို့ကြိုတင် ကာ ကွယ်ရမည်၊ထိခိုက်မှုကိုမည်ကဲ့သို့လျှော့နိုင်မည် အစရှိသည့်နည်းလမ်းများကို လုပ်ဆောင် လာနိုင်ရန် လမ်းညွှန်မှုများကိုလည်းပြုလုပ်နေပါသောကြောင့် ဘေးအန္တရာယ်ကြောင့် မိမိတို့ ၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့တွင်ထိခိုက်ဆုံးရှုံးမှုများကို လျော့ နည်းသက်သာစေမည်လည်း ဖြစ်ပါသည်။

ဤကဲ့သို့ တစ်ရွာလုံး၏ အတွေ့အကြုံဗဟုသုတနှင့် သဘောထားဆန္ဒတို့ကိုတနေရာ တည်း၌ စုစည်းတင်ပြထားသောကြောင့် အလွယ်တကူဖတ်ရှု၍ သိရှိနိုင်ကာရေရှည်၌ မိမိ တို့၏ တစ်ဦးချင်း၊မိသားစုနှင့် တစ်ရွာလုံးအတိုင်းအတာအရ တိုးတက်ဖွံ့ဖြိုးရေးတွင်အ နှောက်အယှက် အန္တရာယ်တို့လျော့နည်းကာ တရွာလုံးအတိုင်းအတာအရတိုးတက် ဖွံ့ဖြိုးရေး တွင်အနှောက်အယှက် အန္တရာယ်တို့လျော့နည်းကာ တရွာလုံးမှသည် ဒေသတစ်ခုလုံးတိုး တက်ဖွံ့ဖြိုးလာစေရန်အတွက် ရည်သန်ကာ မှတ်တမ်းပြုစု တင်ပြအပ်ပါသည်။

(ဤကျေးရွာလက်စွဲစာအုပ်အား ဖတ်ရှု၍ နိုင်ငံတော်မှ လည်းကောင်း INGO/NGO အဖွဲ့အစည်းအသီးသီးမှ လည်းကောင်း၊ မိမိရွာမှလည်းကောင်း ရပ်ရွာဒေသဖွံ့ဖြိုးရေးအတွက် သိရှိဆောင်ရွက်နိုင်ကြပါစေကြောင်းဆန္ဒပြုပါသည်။)

လေးစားစွာဖြင့်
အောင်မင်းနိုင်

အပူပိုင်းဇုံဒေသစီမံကိန်းမန်နေဂျာ
အက်ရှင်အေဒ့်မြန်မာ
၀၉၇၉၄၄၀ ၂၆၉၇၀၆၂ ၆၀၄၁၂

CamScanner

## ကျေးရွာအုပ်ချုပ်ရေးမှူး၏ အတည်ပြုထောက်ခံချက်မှတ်တမ်း

ဤမှတ်တမ်းပါ အကြောင်းအရာအချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/သားများကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ကျေးရွာ၏လိုအပ်ချက်များနှင့် ဖြေရှင်းနည်းလမ်းများဖြစ်ပါသည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့်ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန်လိုအပ်နေမှုများကို သေသေချာချာနားလည်သဘောပေါက်ခဲ့ရပြီး တိကျရှင်းလင်းသောအဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင်ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါ အချက်အလက်များသည် ယခင်နှစ်နှင့် ယခုနှစ်နှိုင်းယှဉ်ပြ၍ သင်ခန်းစာယူစရာများ၊ ကြိုတင်သတိမူစရာများနှင့် ပိုမိုကောင်းမွန်သောနည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင် တတ်သိပညာရှင်များနှင့်လည်းကောင်း မိမိဒေသအတွင်းရှိ ဌာနဆိုင်ရာများနှင့်အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများနှင့်လည်းကောင်း ပိုမို၍အားသွင်ခွန်စိုက် ပူးပေါင်းဆောင်ရွက်လာနိုင်စေရန် လမ်းညွှန်ပြသနေသည်လည်းဖြစ်ပါသည်။

အထူးမှာ ယခုကဲ့သို့ ကျေးရွာသူကျေးရွာသားများ စုစည်းညီညာစွာတိုင်မင်နှီးနှော၍ ဆွေးနွေးဆုံးဖြတ်ကြပါသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးကို အမှားအယွင်းနည်းစွာဖြင့်ရေတိုရေရှည်မှာပါ ပို၍ထိရောက်အောင်မြင်မှာမလွဲပါ။

ထိုပြင် မှတ်တမ်းတင်ဂုဏ်ပြုထိုက်သူမှာ ဤမှတ်တမ်းကို တိကျသေချာ အကျိုးရှိအောင် ကြိုးစားဖော်ထုတ်လုပ်ကိုင်ပေးကြသော ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး အကျိုးတော်ဆောင်လူငယ်များနှင့် ကျေးရွာသူကျေးရွာသားများ၊ အက်ရှင်အေဒ့်(မြန်မာ)မှကွင်းဆင်း ဝန်ထမ်းများ၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှ တတ်သိပညာရှင်များပင် ဖြစ်ပါတော့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး<br>
မုံညှင်းမြေနီပြင်ကျေးရွာ၊ မုံညှင်းအုပ်စု<br>
မြိုင်မြို့နယ်

CamScanner

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ မုံညွင်းအုပ်စု
## မုံညွင်းမြေနီပြင်ကျေးရွာ သမိုင်း

မိမိလက်လှမ်းမီရှာဖွေတွေ့ရှိသမျှ မိမိထက်အသက်ကြီးသူ လက်လှမ်းမီသူ ဗဟုသုတ ဉာဏ်ပညာကြီးမားသူများထံမှ ဆည်းပူးတွေ့ရှိသမျှ အကြောင်းအရာဖြစ်စဉ်များနှင့်တကွ ဆည်းပူးရရှိသရွေ့မုံညွင်းမြေနီပြင်ရွာ ဖြစ်လာပုံကိုတင်ပြလိုက်ပါသည်။သမိုင်းလိုတော်ပြောရမည်မဟုတ်ပါ။ နာမည်ကျော်စာရေးဆရာတစ်ဦးက (သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းကိုတစ်ခါမေးဖူးသည်ဟု ဆို၏။ စာရေးဆရာမှ"သမိုင်းကို ဘာကြောင့် သင်ရတာလဲ"ဟုမေး၏။ဒေါက်တာသန်းထွန်း၏အဖြေမှာ"မအအောင်လို့"ဟုပင်ဖြစ်ပါသည်။မုံညွင်းသမိုင်းမိမိကျေးရွာ အုပ်စုအတွက်မအစေဘို့အတွက်မိမိလက်လှမ်းမီသရွေ့တင်ပြအပ်ပါမည်။ ကျွန်တော်တို့မုံညွင်းအုပ်စုသည် ရှေးအခါက ယခုလက်ရှိရွာများ၏အရှေ့ဘက်အရပ်(၂) ဖာလုံခန့် အကွာအဝေးသည်။ သီရိဓမ္မာသောကမင်းကြီးတည်ထားခဲ့သော ဆုတောင်းပြည့်စေတီတော်မြတ်တည်ရှိပါသည်။ ထိုစေတီတော်မြတ်တွင် မုံညွင်းစေ့ပမာခန့်ဓါတ်တော်မြတ်ဌာပနာကိန်းဝပ်ပါရှိသဖြင့် ထိုစေတီတော်ကို အကြောင်းပြု၍စေတီ၏ အနောက်မြောက် ခပ်ယွင်းယွင်းတွင် ကိုက်(၃၀၀)ကျော်အကွာအဝေးတွင် သင်္ချိုင်းကုန်းဟုခေါ်ဆိုသော ယာမြေလည်းရှိပါသည်။ ရွာဟောင်းယာမြေ၏ အရှေ့အရပ်တွင်စေတီ၏ အရှေ့မြောက်ဘက်တွင်ဘုန်းကြီးကျောင်းတည်ထား၍(အလယ်ကျောင်း)ဟုခေါ်တွင်ကာယာမြေအဖြစ်ရှိပါသည်။ ထိုကျောင်းအရှေ့ဘက်ဆုတောင်ပြည့်စေတီ၏ အရှေ့မြောက်ဘက်ကိုက်(၁၀၀)အကွာလောက်တွင် တောရကျောင်းဟုရှိရာတောရကျောင်းကန်ဟုယခုတိုင်ရှိနေပါသည်။ ဆုတောင်းပြည့်စေ၏ အနောက်တောင်ဘက်တွင် နယ်တော်ရှင်(ဘပိုးတူ)နတ်ကွင်းဟုရှိပါသည်။ ထိုနတ်နန်း၏ အနောက်တောင်ကိုက်(၃၀၀)အကွာလောက်တွင် (လူမည်ဦးတတ်ဟု ခေါ်သော ဆရာတော်ကြီးသီတင်းသုံးနေထိုင်ရာအုတ်ကျောင်းဟု) ယခုတိုင်ရှိပါသည်။ ထိုစဉ်မှာ သာစေဟောင်းများဖြစ်ပါသည်။ ဘွဲ့မည်တော့ မသိရပါ။(၁၁၁၃)ခု အင်းဝသို့ဟံသာဝတီမွန်တပ်များတတ်လာပြီး တိုက်ခိုက်သောကြောင့် အင်းဝပျက်ခဲ့ရာရှမ်းသိုလ်ဟန်ဘွားသောင်းကျန်း၍(ဘုရားဟော ပိဋကတ်တော်များမီးရှို့ဖျက်ဆီးခဲ့ရာ အချို့ရဟန်းတော်များမှာ သေကြေပျက်စီး၍ အချို့မှာ ရှောင်တိမ်းနေခဲ့ရပါသည်။ ထိုအချိန်မှစ၍မုံညွင်းရွာကြီးသည် စစ်ဘေးစစ်ဒဏ်ကြောင့် အနောက်ဘက်သို့အားလုံးရွှေ့ပြောင်း၍ နီးစပ်ရာဆွေမျိုးစုများ နေထိုင်ခဲ့ကြရာ ဘုရားစေတီအနောက်(၂)ဖာလုံခန့်အကွာမှာ မြေညီ၍ မြေနီပြင်ကောင်းသောနေရာကိုရွေး၍ရွာတည်ခဲ့သောကြောင့် မုံညွင်းမြေနီပြင်ရွာဟု ဖြစ်ပေါ်လာရပါသည်။ မြေနီပြင်ရွာ၏ မြောက်ဘက်တွင်ချောင်းရိုးခြားလျက်ရှိသောမုံညွင်းမြောက်စုရွာဟုရှိပါသည်။မုံညွင်းမြေနီပြင်ရွာ၏အနောက်ဘက်တွင် ရှေးယခင်က စာသင်တိုက်ကြီး တည်လျက် အဘိဓမ္မာပါဒပုစ္ဆာကျမ်းပြု ဆရာတော်ကြီးများ သီတင်းသုံးရာ(မုံညွင်းကျောင်းမကြီး)ယခုတိုင်ရှိနေပါသည်။ထိုကျောင်းတော်ကြီး၏အနောက်ဘက်တွင် ကပ်လျက် မုံညွင်းကျောင်းစုရွာဟုရှိပါသည်။

ထိုမုံညွင်းကျောင်းစုရွာ အနောက်မြောက်ဘက်ကပ်လျက် မုံညွင်းဖိုကုန်းရွာဟု ရှိပါသည်။ ထို့ကြောင့် မုံညွင်းအုပ်စုလေးရွာဖြစ်ပါသည်။(၁၁၁၅)ခုမှာ ဦးအောင်ဇေယျသည် မင်းချစ်ညီနှင့် မွန်များကိုသုတ်သင်ရှင်းလင်းပြီးလျှက် ချင်းတွင်းနှင့် ဧရာဝတီအကြားရှိသောတမွဒီပနယ်အားလုံးကို ပိုင်ဆိုင်ခဲ့ပြီးလျှင် ညီတော်သားတော်များနှင့် ရဲဘော်ခြောက်ကျိပ်ရှစ်ယောက်(၆၈) ယောက် ဖွဲ့စည်းကာ ထန်းလုံတပ်ကာရံလျှက် ရှုပ်ရှုပ်ချွန်ချွံ တိုက်၍အနိုင်ရခဲ့သောကြောင့် တတိယမြန်မာနိုင်ငံတော်တည်ထောင်ခဲ့ရာ ယခုတိုင် မုံညွင်းလေးရွာနှင့် တတိုင်းပြည်လုံး စုပေါင်းညီညာအောင်ကြောင်းဖြာခဲ့ရပါသည်။

## မုံညွင်းဆုတောင်းပြည့်စေတီတော် စောင့်ရှောက်ခဲ့ကြသော ဆရာတော်ကြီးများ

၁။ ပုဂံဆရာတော်
၂။ မုံညွင်းဆရာတော် (ဦးနိုး)
၃။ မုံညွင်းဆရာတော် (ဦးလူငယ်)
၄။ မုံညွင်းဆရာတော် (ဦးမိုး)
၅။ မုံညွင်းမြောက်စု (ဦးတာ)
၆။ မုံညွင်းဖိုကုန်း (ဦးပန္နဝံသ)ယခုလက်ရှိ(ဦးခေမာစာရ)စည်သူကျောင်း
၇။ နှောပင်ဦးကေတု (သာသနာသီရိပဘာ)
၈။ မုံညွင်းဂုဏ်ရောင် ဦးဥတ္တမ
၉။ ဓမ္မမေဒနီ မြေနီပြင် ဦးမေဓိယ
၁၀။ မုံညွင်းမြောက်စု ဦးပညာသာမိ၊ မဟာနန္ဒဝံ
၁၁။ ဆုတောင်းပြည့်တောရ ဦးနန္ဒာသီရိ
၁၂။ ယခုလက်ရှိတောရ ဦးစန္ဒာဝရ မုံညွင်းဆုတောင်းပြည့်စေတီတော် စောင့်ရှောက်ခဲ့သော

**မြန်မာမင်းအဆက်ဆက်မှ နယ်ပိုင်သူကြီး ဂေါပကလူကြီးမင်းများ**

၁။ ဦးဒုတ်
၂။ ဦးကုလား
၃။ ဦးစော်ဘွား
၄။ ဦးကျော်ဒွန်း
၅။ ဦးပါ
၆။ ဦးနှင်းကြီး
၇။ ဦးမှို
၈။ ဦးချား
၉။ ဦးရွှေဒွန်း
၁၀။ ဦးခိုင်မင်း
၁၁။ ဦးဖိုးထပ်
၁၂။ ဦးလောဘူ

**ကျမ်းကိုး**

(၁) မုံညွင်းဆုတောင်းပြည့်သမိုင်း
(၂) ကုန်းဘောင်ရှာပုံတော်

မှတ်တမ်းတင်လိုက်သူ
ဦးဗိုလ်လတ်

CamScanner

## မြေပုံများရေးဆွဲ ရခြင်း၏ ရည်ရွယ်ချက်

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံရေးဆွဲရခြင်း ရည်ရွယ်ချက်

- ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် လူဦးရေ၊အိမ်ခြေ၊မိသားစုများ၏ ထိခိုက်လွယ်သူများနေထိုင်ရာနေရာနှင့်တကွ မှတ်တမ်းတင်နိုင်ရန်။(သက်ကြီးဦးဆောင်သောအိမ်၊ အမျိုးသမီးဦးဆောင်သောနေအိမ်၊ မသန်စွမ်းရှိသောအိမ် စသည်ဖြင့်)
- ကျေးရွာ၏လမ်းတံတား၊ အဆောက်အဦး၊ သောက်သုံးရေရရှိနိုင်မှုအနေအထားများ။
- ကျေးရွာ၏စိုက်ပျိုးမြေနှင့် မြေယာပိုင်ဆိုင်မှု၊ သစ်တောနှင့်သဘာဝအရင်းအမြစ်များ ရရှိနိုင်မှုနှင့် အသုံးပြုမှု။
- ကျေးရွာ၏တည်နေရာနှင့်ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆက်စပ်လုပ်ကိုင်နေမှုများ လူမှု/စီးပွားရေးအခြေအနေ။
- ကျေးရွာ၏သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသော နေရာများအားသတ်မှတ်ဖော်ထုတ်နိုင်ရန်နှင့်ကြိုတင်ကာကွယ်ခြင်းနှင့် ပြင်ဆင်ခြင်းများပြုလုပ်နိုင်ရန်။

## ရာသီခွင်ပြဇယားရေးဆွဲရခြင်း၏ရည်ရွယ်ချက်

- ကျေးရွာအလိုက် စိုက်ပျိုးရေး၊မွေးမြူရေးဆိုင်ရာနှင့် ပိုးမွှားရောဂါများကျရောက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေမှုကိုသိရှိနိုင်ရန်။
- ကျေးရွာ၏ကျန်းမာရေး၊ပညာရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်တတ်သောလများ (မိုကြီး၊မိုးခေါင်၊ရေကြီး၊မီးဘေး၊စသည်ဖြင့်) သိရှိနိုင်ကြရန်နှင့်ကြိုတင်ပြင်ဆင်၊ ကာကွယ်နိုင်ကြရန်။
- လူမှုရေးနှင့်ဘာသာရေးပွဲတော်များ ကျင်းပနိုင်မှုအခြေအနေကို မှတ်တမ်းတင်၍ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မပျောက်ပျက်စေရန် ထိန်းသိမ်းနိုင်ရေး။
- လအလိုက် ဝင်ငွေထွက်ငွေကို လုပ်ငန်းအမျိုးအစားအလိုက် တွက်ချက်သိရှိပြီး ထွက်ငွေနှင့်ဝင်ငွေမမျှတမှုကို နည်းလမ်းရှာ၍ ဖြေရှင်းနိုင်ရန်။

## ကျေးရွာ၏ပြဿနာသစ်ပင်ရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာ၏အခက်အခဲပြဿနာများဖြစ်ရခြင်းအကြောင်းအရင်းများကို သတ်မှတ်ဖော်ထုတ်ပြီး အကိုင်းအခက်များသဖွယ် ဖြာထွက်လာသောအကျိုးဆက်များနှင့်အသီးအပွင့်များသဖွယ်ဖြစ်တည်လာသော နောင်ဆက်လက်ဖြစ်ပွားမည့် မျိုးစေ့နှင့်လက်ရှိပြဿနာအသီးအပွင့်များကို သိရှိနားလည်လာပြီး ၎င်းပြဿနာသစ်ပင်ပေါက်ပွားမှုအား မျိုးသုန်းပျောက်ကွယ်သွားအောင် အမြစ်၊အပင်၊အကိုင်း၊အသီးအပွင့်နှင့်မျိုးစေ့များကို ဖယ်ရှားသုတ်သင်နိုင်လာစေရန်။
- ဤနည်းသည် မြန်မာစကားပုံပါ"ပေါက်ပင်ဘာကြောင့်ကိုင်းရတယ်"ဟူသောအကြောင်းအကျိုးပြရှင်းလင်းအဖြေရှာခြင်းနှင့် ဆင်တူပါသည်။
- "သတိမမူ ဂူမမြင်"ဟူသောအဆိုးအမအတိုင်း သတိမမူခဲ့သော ပြဿနာအခက်အခဲများသည် သစ်ပင်သဖွယ်ရှင်သန်ကြီးထွားနေမှုအား ရပ်တန့်ရန်(သို့)သတိမူမိခဲ့သော်လည်း မဖြေရှင်းနိုင်လောက်အောင် ပြဿနာကြီးမားနေမှုကို ရှင်းလင်းစွာသိရှိကြပြီး တတ်သိပညာရှင်များနှင့် ပူးပေါင်းကာ နည်းလမ်းရှာသုတ်သင်နိုင်လာစေရန်။
- သို့သော် "အနာသိကဆေးရှိသည်"ဟူသော လောကဓမ္မတာအတိုင်း အနာကိုအတိအကျသိရှိလာနိုင်စေရန်နှင့် ပျောက်ကင်းအောင်ကုသရန်ဆေးညွှန်းကိုတိကျစွာဖော်စပ်လာနိုင်စေရန်။

**ပြဿနာဖြေရှင်းမှုစက်ကွင်းရေးဆွဲဖော်ထုတ်ခြင်း၏ ရည်ရွယ်ချက်**

- ပြဿနာသစ်ပင်များကို ရေးဆွဲဖော်ထုတ်သတ်မှတ်ပြီးနောက် တစ်ဆက်တည်းဖြေရှင်းအဖြေရှာမှုကိုပါ ဆက်တိုက်လုပ်ဆောင်ခြင်းအားဖြင့်ကျေးရွာသူ/သားများ၏ အတွေးအမြင်၌မဖြစ်နိုင်ဟူသော သံသယသည် ကင်းစင်ပပျောက်စေပြီး ပိုမို စိတ်အားထက်သန်ကာ"လိုလျှင်ကြံဆနည်းလမ်းရ"ဟူသောဆောင်ပုဒ်အတိုင်း အများနှင့်အတူဆွေးနွေးတိုင်ပင်ကာ နည်းလမ်းများကို ကြံဆနိုင်စေရန်။

## ထူးခြားဖြစ်စဉ်ပြဇယားရည်ရွယ်ချက်

- ထူးခြားစွာဖြင့် မိမိရပ်ရွာသူ/သားများကို အခက်အခဲအကြပ်အတည်းတွေ့ခဲ့သော ခုနှစ်များကို သက်ကြီးစကားသက်ငယ်ကြားဖြင့် ဖော်ထုတ်မှတ်တမ်းတင်ခြင်းဖြင့် မျိုးဆက်နှစ်ဆက်သုံးဆက်အလွန်ကာလနှင့် ယခုကာလအထိ အခက်အခဲအကြပ်အတည်းများကို သိရှိလာစေပြီး နောင်အခါတွင် ၎င်းအခက်အခဲမျိုးဖြစ်ပေါ်နိုင်ခြေကိုသတိရှိသွားပြီး ကြိုတင်ပြင်ဆင် ကာကွယ်မှုလုပ်ဆောင်နိုင်စေရန်။
- အထူးသဖြင့် လူအများစုအား အတိဒုက္ခရောက်စေခဲ့သော ကြီးမားသည့် သဘာဝဘေးအန္တရာယ်ထိခိုက်ခဲ့မှုများနှင့် လူတို့ကဖန်တီးခဲ့သော ဘေးအန္တရာယ်များကြောင့် ရပ်ရွာသူ/ရွာသားများ အခက်အခဲအကြပ်အတည်းဖြစ်ပေါ်ခဲ့ရမှုများကို သင်ခန်းစာယူနိုင်ရန်နှင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်အသိများရရှိစေရန်။
- အပြောင်းအလဲဖြစ်ပေါ်တိုးတက်မှုသည် "အကောင်း" "အဆိုး"ခွန်တွဲနေနိုင်သည်ကို သင်ခန်းစာရရှိစေရန်။
- အပူပိုင်းဖုံဒေသသည် မိုးခေါင်ခြင်း သီးနှံများပျက်စီးဆုံးရှုံးရမှု၊ သောက်ရေနှင့် စိုက်ပျိုးရေအခက်အခဲဖြစ်ရခြင်းနှင့် စားနပ်ရိက္ခာအခက်အခဲဖြစ်ရခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသောအချက်သည် သာမန်ဖြစ်ရိုးဖြစ်စဉ်ဟုအမြင်ရှိနေသော မျိုးဆက်သစ် အသက်အရွယ်ငယ်ရွယ်သူများက ထင်မှတ်နေမှုကိုယခင်ကလည်းကြုံဖူးသည်ဟူသောထင်ရှားသော သတိပေးမှုကြောင့်ကြိုတင်ပြင်ဆင်ကာကွယ်နည်းလမ်းများကိုရှာဖွေ၍ ရပ်ရွာ၏မိုးခေါင်မှု၊ ရေကြီးမှု၊ သီးနှံဖျက်ပိုးဒဏ်၊ မြေဆီလွှာပျက်စီးမှု၊ လမ်းပန်းဆက်သွယ်ရေးမကောင်းရမှု၊ပညာရေးနှောင့်နှေးရမှု၊ သတင်းဆက်သွယ်ရေး အခက်အခဲ စသည်တို့သည် ဆင့်ကဲဖြစ်စဉ်များအဖြစ် ရပ်ရွာလူထုအား ပိုမိုဆင်းရဲမှု အခက်အခဲကို ဖြစ်ပေါ်စေနေသည်ကို ထင်ရှားသိစေရန်။
- ၎င်းနည်းလမ်းများသည် တစ်ယောက်အားဖြင့်ယူသော်မရအများအားဖြင့်ယူသော်ရ၏ဟူသောလမ်းညွှန်ဆုံးမမှုအတိုင်း မိမိမသိသည်ကိုသိသူက၊ မိမိမစွမ်းနိုင်သည်ကို စွမ်းသူက၊ မိမိမလုပ်နိုင်သည်ကို လုပ်နိုင်သူကတာဝန်ယူကာ ဖြေရှင်းမည့်နည်းလမ်းများပေါ်ထွက်လာစေရန်။
- ယခုကဲ့သို့ အခက်အခဲပြဿနာများသည် ရပ်ရွာအတွက် ဆင်းရဲမှုဟူသောဝန်ထုပ်ဝန်ပိုးသည် ဆွဲအားအောက်သို့သက်ရောက်မှုကို ဖြစ်ပေါ်စေရာမှနည်းလမ်းများတည်းဟူသော မိုးပျံပူပေါင်းများကဆွဲမလိုက်၍ အောက်ဆွဲအားကို ဆန့်ကျင်ဖယ်ရှားလျက် အထက်သို့ပေါ့ပါးစွာရန်းထွက်ပျံတက်သွားနိုင်ပုံကို ဥပမာတင်စား၍ ရှင်း

လင်းအဖြေရှာတင်ပြခြင်းဖြင့် နားလည်စေခြင်း။

- "ဆင်းရဲမှု" နှင့် "ဆင်းရဲမှုမှလွတ်မြောက်ခြင်း" အားပြိုင်ဆွဲငင်ကြသောကြောင့် အားသက်ရောက်မှု စက်ကွင်းဟုခေါ်ဝေါ်သုံးနှုန်း၍ အားထုတ်ရမည်ဟူသောအသိကိုရရှိစေခြင်း။

**အနာဂတ်မျှော်မှန်းချက်ပြမြေပုံရေးဆွဲရခြင်း၏ရည်ရွယ်ချက်**

- အိမ်မက်မြေပုံသည် ကျေးရွာနှင့်ရွာသူရွာသားတို့ လူမှုစီးပွားအခြေအနေအရပ်ရပ်များကို မည်ကဲ့သို့မြင်တွေ့လိုပါကြောင်း ရွာသူရွာသားတို့၏ဆန္ဒနှင့် သဘောထားတို့ကိုထင်ဟပ်သော အနာဂတ်မျှော်မှန်းချက်များ၏ ပုံသဏ္ဍာန်ဖြစ်ပြီး တိုးတက် ဖွံ့ဖြိုးမှုနှင့် အေးချမ်းသာယာမှုကို ရွာသူရွာသားများကိုယ်တိုင် ပုံဖော်ကြည့်မည့် အစီအစဉ်များအား အခိုကထား၍ မျှော်မှန်းအနာဂတ်ကို အလှပဆုံးနှင့် အဓိပ္ပါယ်အရှိဆုံးဖြစ်လာရန် မဏ္ဍာမခြေလှမ်းပင်ဖြစ်ပါတော့သည်။

## ကျေးရွာ၏ လိုအပ်ချက်အကောင်အထည်ဖော်ဇယားရေးဆွဲရခြင်းရည်ရွယ်ချက်

- လက်တွေ့အကောင်အထည်ဖော်မည့်အစီအစဉ်သည် ကျေးရွာ၏လိုအပ်ချက်များဦးစား ပေးလုပ်ဆောင်ရန်အစီအစဉ်နှင့် အနာဂတ်ကျေးရွာအိပ်မက်များကို အမှန်တကယ်ရရှိ လာနိုင်ရန်အတွက် တိကျသေချာသောတာဝန်ခွဲဝေယူမှုနှင့် မည်သို့လုပ်ဆောင်မည်၊ မည်သူကလုပ်ဆောင်မည်နှင့် မည်သည့်အချိန်တွင်လုပ်ဆောင်ကြမည် များကိုကျေးရွာ သူ/သားများ ကိုယ်တိုင်တာဝန်ခွဲဝေသတ်မှတ်ကြခြင်းဖြစ်ပါသည်။

## အမျိုးသမီးဆိုင်ရာသုံးသပ်ချက် ရေးဆွဲရခြင်းရည်ရွယ်ချက်

- အမျိုးသမီးသက်ငယ်/သက်ကြီး(ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်)တို့၏လူမှုရေး စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေတို့ကို မှတ်တမ်းတင်ပြုစုနိုင်ပြီးအခက် အခဲများအားကျော်လွှားလာနိုင်ကာ မိသားစုနှင့်ရပ်ရွာကိုဦးဆောင်နိုင်မှု အခွင့်အလမ်း နှင့် စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာစေရန်။
- "ပုခက်လွှဲသောလက်သည် ကမ္ဘာကိုကိုင်လှုပ်နိုင်သော ခွန်အားနှင့်စွမ်းရည်အပြည့်အဝ ရှိသည်" ဆိုသည့် ဆိုရိုးစကားအား ပိုမိုကျယ်ပြန့်စွာအသိအမှတ်ပြုလာနိုင်စေရန်။
- ကျား၊မ တန်းတူညီမျှမှုရရှိရေး ရပ်ရွာမှသိမြင်လက်ခံလာပြီး ခွဲခြားဆက်ဆံမှုပပျောက် နိုင်ရန် ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့သည် ညီ၊ အစ်ကို၊အဖေ၊ အဖိုး၊ ဦးရီးတို့နှင့်အတူတူပင် စွမ်းဆောင်ရည်များပြည့်ဝကြောင်း ထင်ရှားသိလာကြစေရန်။

……………………မြို့နယ်၊……………………ကျေးရွာအုပ်စု၊……………………

ကျေးရွာ၏ အခြေခံသတင်းအချက်အလက်

ရက်စွဲ။ ။……………………

| | |
|---|---|
| <u>လူဦးရေစုစုပေါင်း</u> | =၇၄၅ |
| ကျား | =၃၃၃ |
| မ | =၄၁၂ |
| <u>မိသားစု စုစုပေါင်း</u> | =၁၅၇ |
| <u>အိမ်ခြေ စုစုပေါင်း</u> | =၁၇၀ |

<u>အသက်အပိုင်းအခြားအလိုက်ဦးရေ</u>

| | |
|---|---|
| ၀ မှ ၅ နှစ်အောက် | =၆၂ |
| ၅ မှ ၁၃ နှစ်အောက် | =၈၅ |
| ၁၃ မှ ၁၈ နှစ်အောက် | =၅၀ |
| ၁၈ မှ ၆၀ နှစ်အောက် | =၄၂၆ |
| ၆၀ နှစ် အထက် | =၁၂၂ |

<u>အသက်မွေးဝမ်းကြောင်းအလုပ်အကိုင်များ</u>

| | |
|---|---|
| တောင်သူ | =၇၉ |
| ထန်းတက် | = |
| ကျပန်း | =၉၁ |
| … | = |

<u>စိုက်ပျိုးမြေပိုင်ဆိုင်မှု</u>

| | |
|---|---|
| လယ်မြေ | = |
| ဥယျာဉ်ခြံ | = |
| ယာမြေ | =၂၀၀၀ ဧက |
| ပလပ်မြေ | =၁၀ ဧက |

<u>ခြံဝန်းအတွင်းရှိအရိပ်ရနှစ်ရှည်ပင်ကြီးများ</u>

| | |
|---|---|
| မကျည်းပင် | =မကျည်းပင် |
| … | =တမာပင် |
| … | = |

<u>အခြားပိုင်ဆိုင်မှု(အဓိကအသက်မွေးဝမ်းကျောင်းနှင့်ပတ်သက်-အိမ်မပါ)</u>

| | |
|---|---|
| ဆိုင်ကယ် | =၈၀ |
| နွား | =၃၀၀ |
| နွားလှည်း(ရေစည်) | = |
| နွားလှည်း(ကုန်သည်)= | |
| ဖုန်း | =၁၂၀ |

..............................မြို့နယ်၊..............................ကျေးရွာအုပ်စု၊..............................

ကျေးရွာ၏ အခြေခံသတင်းအချက်အလက်

ရက်စွဲ။ ။......................

ဝက် =၂
ကြက် =၁၀၀
ဆိတ် =၇၀၀
... =

ကျန်းမာရေး

| | |
|---|---|
| တီဘီရောဂါရှိသူ | = |
| အိတ်ချ်အိုင်ဗွီ/ အိတ်စ်ရှိသူ | = |
| ငှက်ဖျားရောဂါရှိသူ | = |
| မသန်စွမ်း(အသေးစိတ်ဖော်ပြပါဥပမာ–လေဖြတ်၊ညာခြေမသန်၊မျက်စိနှစ်လုံးမမြင်ရ..) | =၃ |
| ... | = |
| ... | = |

ပညာရေး


| | | |
|---|---|---|
| ဘွဲ့ရ | | =၂၁ |
| အထက်တန်းပညာတက်ရောက်ဖူးသူ | | =၈၀ |
| အလယ်တန်းပညာတက်ရောက်ဖူးသူ | | =၃၀ |
| မူလတန်းပညာတက်ရောက်ဖူးသူ | –သက်ကြီး(ဆက်လက်မတက်ရောက်သူ) | =၁၅ |
| | –သက်ငယ်(လက်ရှိကျောင်းမှထွက်ထားသူ) | =၂ |
| | –သက်ငယ်(တက်ရောက်ဆဲ) | =၆၁ |
| ဘာကပညာရေးတက်ရောက်ဖူးသူ | | =၂၆၀ |
| စာရေးဖတ်တတ်သူ(ကျောင်းပြင်ပ) | | = |

မှတ်ချက်

| | |
|---|---|
| ထိခိုက်လွယ်မှု(လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံကို အခြေပြုပြီး ပေါ်လာသော) | = |
| ထူးခြားမှု (ပြောင်းရွှေ့လုပ်သား၊သက်ကြီးတစ်ဦးတည်းနေ၊မုဆိုးမတစ်ဦးတည်းနေ) | = |

CS CamScanner

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ဖုံညောင်းအုပ်စု ဖုံညောင်းဆော်နီမြေ ကျေးရွာ၏ လူမှုရေးနှင့် အခြေခံ ပြမြေပုံ



## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်
## မြိုင်မြို့နယ်၊ မုံညွင်းမြေနီပြင်ကျေးရွာ၏
## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ အစီရင်ခံစာ

**တည်နေရာ** –မုံညွင်းအုပ်စု၊မုံညွင်းမြေနီပြင်ကျေးရွာသည်မြိုင်မြို့နယ်၏ အရှေ့တောင်ဘက် (၁၃)မိုင်ခန့်အကွာတွင်တည်ရှိပြီး မြိုင်မြို့မှ ပခုက္ကူမြို့သို့ ဆက်သွယ်ထားသော ကားလမ်းမကြီးရှိပြီး ဝက်ကျအုပ်စုကမ္ဘကျေးရွာ၏ အနောက်တောင်ဘက်(၁)မိုင်(၆)ဖာလုံခန့်ကွာဝေးသော မုံညွင်းမြောက်စုကျေးရွာရှိပြီး မုံညွင်းမြောက်စုကျေးရွာ၏ တောင်ဘက်(၂) ဖာလုံခန့်ကွာဝေးသော မုံညွင်းမြေနီပြင်ရွာတည်ရှိပြီး အိမ်ခြေ (၁၇၀)ရှိပြီး အိမ်ထောင်စု(၁၁၇)စုရှိ၏။အမျိုးသားဦးရေ(၃၃၃)၊အမျိုးသမီးဦးရေ(၄၁၂)ယောက်ရှိပါသည်။ကျေးရွာ၏ ပုံသဏ္ဍာန်မှာထောင့်မှန်ပုံဖြစ်ပြီး T ပုံဖြင့်လည်းတူပါသည်။ရွာဦးတွင် ဓမ္မမေဒနီဘုန်းတော်ကြီးကျောင်းရှိပြီးကျောင်းရှေ့တွင်စက်ရေတွင်းနှင့်စာကြည့်တိုက်လည်းရှိပါသည်။ ဘုန်းတော်ကြီးကျောင်းနှင့်ထိစပ်လျက်အခြေခံပညာမူလတန်းကျောင်းလည်းရှိပါသည်။ မူလတန်းကျောင်း၏ တောင်ဘက်တွင် ရေးဟောင်းဘုန်းတော်ကြီးသိမ်ကျောင်းဘုရားလည်းရှိပါသည်။ရွာ၏ အရှေ့တောင်ဘက်တွင် မြေသားရေကန်လည်းရှိပါသည်။ ရွာ၏အနောက်တောင်ဘက်တွင် သောက်သုံးရေစင်ရှိပြီး စက်ရေတွင်းလည်းရှိပါသည်။ ရွာ၏အရှေ့ဘက်နှင့် အရှေ့တောင်ဘက်များတွင် လုပ်ကိုင်ယာမြေများရှိပြီး အများစုမှာတောင်သူလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြရသည်။ ဆိတ်၊နွားများစသည်မွေးမြူရေးဖြင့်လည်းအသက်မွေးကြသည်။ ကျေးရွာ၏မြောက်ဘက်တွင် ထိစပ်လျက်သဲချောင်းမကြီးရှိပြီး ရွာ၏အနောက်မြောက်ထောင့်တွင် သုသာန်လည်းရှိသည်။

**စီးပွားရေး** – ကျွန်ုပ်တို့ မုံညွင်းမြေနီပြင်ကျေးရွာ၏ စီးပွားရေး အခြေအနေတွင် မိုးရိုးဖလာဖြစ်သော တောင်သူအလုပ်ကိုသာ အများစုလုပ်ကိုင်ကြလေသည်။ နှမ်းများ၊ထွန်စက်များဖြင့် စိုက်ပျိုးကြရိတ်သိမ်းကြသည်။ တောင်သူတစ်ဦး၏ တစ်နှစ်လျှင်ပျှမ်းမျှပိုငွေမှာ (...............)ဖြစ်ပြီးအလုပ်သမားများမှာ(.....)ခန့်ပိုသည်။သို့သော်ရာသီဥတုကိုသာ အမှီသဟဲပြု၍ လုပ်ကိုင်ရခြင်းဖြစ်သောကြောင့် မိုးခေါင်ခြင်း၊မိုးများခြင်းစသော ရာသီဥတု မမှန်မှုဖြစ်ပေါ်လာပါက သီးနှံများပျက်စီးကာ စီးပွားရေးအခြေအနေမှာ အခက်အခဲရှိလှပါသည်။ ထို့ပြင် သီးနှံဈေးများမကောင်းသည့်အခါတွင်လည်း အပိုငွေမရှိဖြစ်တတ်ပါသည်။

**ပညာရေး** – ကျွန်တော်တို့ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းသာရှိပြီး အလယ်တန်း၊ အထက်တန်းပညာရပ်များကို အနီးမြောက်ဘက်ရှိ မုံညွင်းမြောက်စုကျေးရွာသို့သွားရောက်သင်ကြားရပါသည်။ တစ်ချို့ပညာထူးချွန်သောကျောင်းသား/သူများမှာ မိဘတို့ငွေကြေးမပြေလည်မှုကြောင့်ကျောင်းတက်ခွင့်မရရှိကြပေ။ဤသို့ဖြင့် ကျွန်တော်တို့ကျေးရွာ၏ ပညာရေးမှာ ထင်သလောက်ခရီးမပေါက်ဘဲ ရှိခဲ့ပါသည်။

**ရာသီဥတုအခြေအနေ** – ကျွန်တော်တို့ကျေးရွာ၏ ရာသီဥတုအခြေအနေမှာ မိုးခေါင်ရေရှားဖြစ်ပြီး ပူပြင်းခြောက်သွေ့သော နေရာဒေသလေးဖြစ်ပါသည်။ တောင်သူလုပ်ငန်းကိုသာအခြေချလုပ်ကိုင်စားသောက်ကြသောကြောင့် နေထိုင်မှုမှာအသင့်အတင့်သာရှိပါသည်။

CamScanner

**စိုက်ပျိုးရေး** - ကျွန်တော်တို့ကျေးရွာလေးသည်တောင်သူကိုအခြေချလုပ်ကိုင်စားသောက်ကြပြီး အဓိကစိုက်ပျိုးသီးနှံမှာ နှမ်း၊ မြေပဲ၊ ပဲတီစိမ်း၊ ပဲစိမ်းငုံတို့ဖြစ်သည်။

**အရင်းအမြစ်ပြအရေးအတွက်**- ဘုန်းတော်ကြီးကျောင်း၊ စက်ရေတွင်းနှင့် သောက်သုံးရေစင်၊ လုပ်ကိုင်ယာမြေ၊ စာသင်ကျောင်း တို့ဖြစ်ပြီး သိမ်ကျောင်းဘုရားနှင့် သုသာန်မြေ များရှိပါသည်။

**ဘာသာရေးပွဲတော်** - တော်သလင်းလဆန်း(၈)ရက်၊ပြာသိုလဆန်း(၈)ရက်၊ တပို့တွဲလဆန်း(၈)ရက်နေ့များတွင် ဗုဒ္ဓပူဇနိယပွဲတော်များရှိပါသည်။

**ရေရရှိမှု** - ကျွန်တော်တို့ကျေးရွာလေးသည် ရွာ၏အရှေ့ဘက်တွင် စက်ရေတွင်းနှင့် အနောက်တောင်ဘက်တွင်စက်ရေတွင်း၊၊ ရေစင်များမှရေကိုလုံလောက်စွာ ရယူသုံးစွဲကြသည်။

**ထိနိုက်လွယ်မှု** - ကျွန်တော်တို့ရွာလေး၏ထိနိုက်လွယ်မှုမှာ သက်ကြီးရွယ်အိုမသန်စွမ်းနှင့်ကိုယ်၏အန္တရာယ်ကိုစောင့်ရှောက်ကာကွယ်နိုင်စွမ်းမရှိသောကလေးများ တွင် အဖြစ်များ သည်။

**စိုက်ပျိုးရေး** - ကျွန်တော်တို့ကျေးရွာ၏ အခြေချလုပ်ကိုင်စားသောက်မှုမှာ တောင်သူလုပ် ငန်းသာဖြစ်သည်။

**ကိုးကွယ်ယုံကြည်မှု**-ရွာ၏အရှေ့တည့်တည့်တွင်(၃)ဖာလုံအကွာတွင် မုံညွင်းလေးရွာဆေ တောင်းပြည့်မြတ်စွာဘုရားရှိပြီး နယ်သူ/သားတို့၏ရိုးရာဖြစ်သောကုန်သည်ကြီး ဘဖိုးတူ နတ်ကွန်းလည်းရှိပါသည်။ မုံညွင်းမြေနီပြင်ကျေးရွာသူ/သားများမှာ ဗုဒ္ဓဘာသာ ကိုးကွယ်ကြပြီး ဘာသာရေးကိုင်းရှိုင်းသောကျေးရွာလေးပင်ဖြစ်ပါသည်။

## မုံညွှင်းမြေနီပြင်ကျေးရွာ၏ကျန်းမာရေးနှင့်ပတ်သက်သောအချက်များ

မုံညွှင်းမြေနီပြင်ကျေးရွာ၏ ကျန်းမာရေးအကြောင်းတင်ပြရာတွင် ကျန်းမာရေးဆိုင်ရာ သန့်ရှင်းမှုအားနည်းချက်များ နှင့် ခေတ်ကပေးသောဘဝအခြေအနေအရပညာဗဟုသုတနည်းပါးခြင်း ထိုသို့ရင်ဆိုင်နေရသည့်အခြေအနေများအား ပြောင်းလဲပေးသင့်သည့်အချက်များကို တင်ပြပါမည်။

ပထမဦးဆုံး မိမိတစ်ကိုယ်ရေသန့်ရှင်းမှုအပိုင်းတွင်တောကျေးရွာဖြစ်၍လုပ်ကိုင်ရသည့်အလုပ်ကတောင်သူလယ်သမားအလုပ်များဖြစ်၍ မြို့နေလူတန်းစားကဲ့သို့ သန့်ရှင်းမှု အပိုင်းဆိုင်ရာတွင် တောနေလူတန်းစားများက အလွန်အားနည်းနေသည်ဟု ယူဆမိပါသည်။ လုပ်ကိုင်ရသောအလုပ်ကဖုန်နှင့်လုပ်ရသောအလုပ်ဖြစ်ခြင်းကိုယ်တိုက်ဆပ်ပြာ လူတိုင်းအသုံးမပြုခြင်း၊ အိမ်သာတက်သောအခါ တုတ်၊စက္ကူသုံးခြင်း၊ရေသုံးသူများကလည်း ဆပ်ပြာနှင့်ဆေးကြောမှုမရှိခြင်းတို့သည် ကျန်းမာရေးဗဟုသုတ အားနည်းသောကြောင့်ဖြစ်ပါသည်။

ဒုတိယမြောက်အဖြစ် ပတ်ဝန်းကျင်သန့်ရှင်းမှုကို ကြည့်လျှင်လည်း မိမိနှင့်လွတ်ပြီးရော စွန့်ပစ်တတ်သောအကျင့် မိမိအိမ်တွင်အိမ်သာရှိသောသူများနှင့် မရှိသောသူများ အချို့သည်အပြင်ထွက်၍ အပေါ့၊အလေးစွန့်ခြင်း စွန့်သောနေရာသည်လူသွားလမ်းနှင့်နီးကပ်ခြင်း၊ ရေသွားမြောင်းထဲ၌သွားလာခြင်းများရှိနေပါသေးသည်။နွေရာသီတွင်အချို့အိမ်သာ များသည် အနံ့ဆိုးထွက်ခြင်းရှိနေပါသည်။ ထိုသို့ဖြစ်နေခြင်းမှာ တစ်ဦးချင်းစီ၏ ကျန်းမာရေးအသိပညာ အားနည်းနေကြောင်း သက်သေဖြစ်ပါသည်။ စာရေးသူ၏အသက်မှာ ယခု(၆၀) ကျော်ပါပြီ(၂၀/၂၅)ဝန်းကျင်လောက်အထိ ရေချိုးကန်ထဲတွင်အတူချိုး ခြင်းများရှိပါသည်။ များသောအားဖြင့် ကလေးများအများဆုံးဖြစ်ပါသည်။ တစ်ခါတရံလူကြီးများလည်း ပါတတ်သည်။ထိုသို့ချိုးခြင်းကကူးစက်ရောဂါများ အလွယ်တကူဝင်ရောက်ကူးစပ်နိုင်ပါသည်။ ထို့ကြောင့်လည်း ထိုအချိန်ကရောဂါများ အလွယ်တကူကူးစက်သည်ဟု ထင်မိပါသည်။

သောက်သုံးရေသုံးစွဲမှုအပိုင်းတွင်လည်း ရေသန့်ရှင်းမှုနည်းသောအချက်ကိုတွေ့ရပြန်ပါသည်။ ယခင်ဘိုးဘွားများလက်ထက်က မိုးရာသီတွင် ရေဝင်ရန်မြေကျင်းတူးထား သောကန်များမှရေကိုသောက်သုံးရပါသည်။ထိုခေတ်ကရေသည်ပို၍ဆိုးပါသည်။ ယခုခေတ်တွင်လည်းအဝီစိတွင်းများမှ ရေပေးဝေပါသည်။ ထိုရေသည် ထုံးခါတ်ပါခြင်းကြောင့် ကျေးရွာနေလူထုများ ကျောက်တည်ရောဂါဖြစ်နိုင်ခြေ များနေပါသည်။ ရေတွင်းမှရေပေးဝေရာတွင်အလှမ်းဝေးသောကြောင့်ပိုက်လိုင်းများဖြင့်သွယ်၍တစ်ဆင့်ပေးပို့ရပါသည်။သုံးရေထက်ရေစိမ်းသောက်သည်ကများသော ကျေးရွာသူ/ကျေးရွာသားများသည် ကျန်းမာရေးပိုင်း တွင်မိမိကလိုက်နာနိုင်သည်ထားဦး သဘာဝရေ၏မသန့်ရှင်းမှုက ဒုက္ခပေးနေပြန်ပါသည်။ Ph-7 ညီမျှသောရေကို မသောက်ရသည်ထား အနည်းငယ်အညစ်အကြေးများစွန့်ထုတ်ပေး သောရေသန့်စက်တစ်လုံးရှိလျှင် ကောင်းမှာပဲဟုတွေးမိပါသည်။ ထိုအတွေးကလည်း တွေးရုံကလွဲ၍ဘာမျှမတက်နိုင်။မိမိတစ်ဦးတည်းအားနှင့်လည်းမဖြစ်နိုင်ကျန်းမာရေးဗဟုသုတအားနည်း သောရွာသူ/သားများကိုပြောကြားရာတွင် အလွန်ခက်ခဲသော အဓိကအချက်ဖြစ်သည်။ ပြောလျှင်လည်း တစ်ယောက် တစ်ပေါက်အသံထွက်လာမည်ကသေချာမည်။ စစ်မရောက်ခင်ကမြားကုန်သည်ဟုပြောကပါမည်။ မိမိတို့ရွာ၏ပညာရေးဗဟုသုတအားနည်းချက်ဟုဆိုရပါမည်။ အဓိကအချက်မှာ ကျေးရွာသူကျေးရွာသားများအား ကျန်းမာရေးဗဟုသုတများကို ကြောက်တတ်လာသည်အထိ ဟောပြောပေးမည့် ဆရာ/ဆရာမများ အထူး

လိုအပ်ပါသည်။

ယခုအခါတွင် ရေအတူချိုးသည်ကလွဲ၍ ကျန်သောအားနည်းချက်များမပြောင်းလဲခြင်းမှာ ကျန်းမာရေးနှင့်ပတ်သက်၍ ပညာပေးဟောပြောပွဲများမရှိခြင်း၊ ကျေးလက်ဆေးပေးခန်းမရှိခြင်း တို့ကြောင့်ဖြစ်ပါသည်။ ဆေးခန်းရှိသော်လည်းအခြား အုပ်စုတွင်ဖြစ်နေပါသည်။ မိမိတို့ အုပ်စုတွင် ဆေးခန်းမရှိခြင်းကြောင့် ရောဂါရလို့ပြချင်လျှင်ပင်မလွယ်ကူလှပေ။ မိမိတို့ကျေးရွာတွင်ဆေးခန်းရှိလျှင်ပို၍ အဆင်ပြေပါသည်။ သေးငယ်သောရောဂါများကို အခြားအုပ်စုဆရာမထံပြရပါသည်။ကြီးသောရောဂါများ၊ ရုတ်တရက်ဖြစ်လာသောကျန်းမာရေးများကိုမူ ကြီးလေးလျှင်ပခုက္ကူသို့သွားရပါသည်။ ပခုက္ကူမြို့သည် ကျွန်ုပ်တို့ရွာ နှင့်(၁၃)မိုင်ခန့်ကွာဝေးပါသည်။ ထိုခရီးကိုကားငှား၍သွားရပါသည်။ ကျန်းမာရေးဖြစ်၍ မရှိတာရှိတာအသာထားပြီး ကုသကြရပါသည်။ ထိုခက်ခဲလွန်းသောအခြေအနေများကို ရင်ဆိုင်ရသောကြောင့်လည်းရွာသူ/ရွာသားများသည် ကျန်းမာရေးဗဟုသုတ အားနည်းနေခြင်းဟုယူဆမိပါသည်။ မိမိတို့ရွာတွင်အုပ်စုဆေးခန်းမရှိခြင်းသည်လည်း အားနည်းချက်တစ်ခုဖြစ်ပါသည်။ လူ့ဘဝသို့ရောက်လျှင် စားဝတ်နေရေးက ကျန်းမာရေးထက်ပို၍ အရေးပါနေပြန်ပါသည်။ လွမ်းရေးထက်ဝမ်းရေးခက်နေရပြန်သည်။ကျန်းမာရေးမကောင်းသည်ကိုမသိယောင်ဆောင်၍ အိမ်တွင်ဆေးမြီးတိုကုနေသည့်ဓလေ့မှာ ယခုချိန်ထိပင်ရှိနေပါသည်။ယခုလိုဖွံ့ဖြိုးသောခေတ်ကြီးကိုရောက်နေပါသော်လည်း လူများ၏ဗဟုသုတဉာဏ်ရည်ဖွံ့ဖြိုးလာခြင်း မရှိသည်မှာအလွန်ဝမ်းနည်းဖွယ်ကောင်းပါသည်။ ထိုသို့ဗဟုသုတအားနည်းခြင်းကလည်း ပညာကိုသေစာရင်စာဖတ်တတ်လျှင်ပြီးရောဟု ရွာဓလေ့ ကျောင်းနှုတ်ကြပါသည်။ ကျောင်းနှုတ်ခြင်းမှာလည်း မိမိတို့အိမ်စီးပွားရေးမပြည့်စုံ၍ ဝင်ငွေရသောအလုပ်ကိုလုပ်ရန်အတွက်ဖြစ်ပါသည်။

နောက်ဆုံးဘူတာမှာ စီးပွားရေးကြောင့်သာဖြစ်ပါသည်။အသက်ရှင်ဖို့ထမင်းစားရန်လိုအပ်သော လောကကြီးတွင် ထမင်းရဖို့အတွက် မိမိတို့နိုင်သောတာဝန်ကိုထမ်း၍ လုပ်ကိုင်ရသောကလေးများသည် တစ်နေ့တာမိုးလင်းကနေ နေဝင်ထိ တစ်နေကုန် အလုပ်လုပ်နေရပါသည်။ ထိုအခါစာဖတ်ချိန်မရှိဖြစ်လာသည်။ ထို့နောက် မိမိကိုယ်ကိုယုံကြည်မှုနည်းလာခြင်း အခြားသူများပြောသောဗဟုသုတကြားလျှင်လည်း မှတ်သားမှုမရှိသောအကျင့်များကြောင့်အရာရာတွင်နောက်ကျခဲ့ရပါသည်။အဆိုးဆုံးနောက်ကျမှုမှာ ကျန်းမာရေးနောက်ကျမှုပင်ဖြစ်ပါသည်။ လူတစ်ယောက်အတွက် အဓိကအရေးကြီးဆုံးမှာ ကျန်းမာရေးဖြစ်ပါသည်။ "ကျန်းမာခြင်းသည်လာဘ်ကြီးတစ်ပါး"ဆိုသည့်အတိုင်း ခန္ဓာကိုယ်ကျန်းမာမှ စိတ်ချမ်းသာပျော်ရွှင်မှုများရ၍ ပြီးပြည့်စုံသော ဘဝကိုပိုင်ဆိုင်ရမည်ဖြစ်ပါသည်။ ကြိုတင်ကာကွယ်ရန်လည်းလိုအပ်ပါသည်။"ကာကွယ်ခြင်းသည်ကုသခြင်းထက်ပို၍ထိရောက်သည်"ဟူသောဆောင်ပုဒ်များကို လူသားတိုင်းလက်ကိုင်ထားသင့် အမြဲတမ်းသတိရသင့်ပါသည်။ထိုဆောင်ပုဒ်များနှင့်ကျန်းမာရေးအတွက် လိုက်နာသင့်သောအချက်များကိုသိရှိရန် ရွာများတွင်ကျန်းမာရေးဗဟုသုတဟောပြောပွဲများပြုလုပ် ပေးခြင်းဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ စိတ်ဝင်စားလာမည်။ လိုက်နာသင့်သည့်အချက်များလိုက်နာတက်လာမည်ဟုယူဆမိပါသည်။ "တံငါနားနီး၊ တံငါ" "မုဆိုးနားနီး ၊ မုဆိုး" ဆိုသည့်အတိုင်း ကျန်းမာရေးဆရာ/မ၏ ဟောပြောချက်

CS CamScanner

များ ၊ ဆေးခန်းများ မိမိတို့ရွာတွင်ရှိလာလျှင်လူတစ်ယောက်အတွက်ကျန်းမာရေးသည်မည်မျှ အရေးပါကြောင်း၊ သက်ရှည်ကျန်းမာသောဘဝကိုရရှိရန် မိမိကိုယ်ကိုကျန်းမာအောင်နေရမည့် အချက်များကို သိရှိလာမည်သေချာပါသည်။

တောနေလူတန်းစားများသည် မြို့နေလူတန်းစားထက်သာသည့်အချက်များလည်း ရှိနေပါသည်။ ထိုအချက်မှာ တောဓလေ့သဘာဝပေါက်သော ဟင်းသီး၊ ဟင်းရွက် များဖြစ်သော ဂုဏ်ရွက်၊ကင်းပုံရွက်၊ ဆူးပုတ်ရွက်၊ ပီလောပီနံရွက်၊ ဟင်းပုတ်ရွက်၊ တမာရွက်၊ချဉ်ပေါင်ရွက်စသော အရွက်များသည် ဓါတုဆေးဝါးဘေးမှ ကင်းလွတ်၍ အဟာရပြည့်ဝပါသည်။ ထိုသို့အန္တရာယ်ကင်းသောအရွက်များကို စားသောက်ရခြင်းသည် ကောင်းကျိုးများရရှိ၍အစာကပေးသောအန္တရာယ်လည်းကင်းဝေးစေပါသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်အတိုင်း သားဖွားဆရာမများသည် အောက်ပါလုပ်ငန်းစဉ်များကို လအလိုက်၊ ရာသီအလိုက်လာရောက်၍ကာကွယ်ဆေးများထိုးပေးသည့်လုပ်ငန်းများဆောင်ရွက်ပေးသည်လည်းရှိပါသည်။

၁။ ၅နှစ်အောက်ကလေးများအားပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်း။

၂။ ၂လ၊ ၄လ၊ ၆လ ကလေးများအားဆုံဆို့၊ကြက်ညှာ၊မေးခိုင်၊အသည်းရောင်အသားဝါ ဦးနှောက်အမြှေးရောင်ခြင်းများကို ကာကွယ်ရန် ငါးမျိုးစပ်ကာကွယ်ဆေးထိုးပေးခြင်း။

၃။ ဝက်သက်ကာကွယ်ဆေးကို အသက်(၉)လပြည့်လျှင်တစ်ကြိမ်၊ (၁၈)လပြည့်လျှင် တစ်ကြိမ်ထိုးပေးပါသည်။

၄။ အသက်(၆)လမှ (၅)နှစ်အထိ ဗိုက်တာမင်အေတိုက်ကျွေးရာတွင် (၂)လပိုင်းတစ်ကြိမ်၊ (၈)လပိုင်းတစ်ကြိမ်တိုက်ကျွေးပါသည်။

၅။ အသက်(၂)နှစ်မှ(၅)နှစ်ထိ ကလေးများကို သန်ကျဆေးတိုက်ကျွေးခြင်း။

၆။ ကလေးသူငယ်များအား အဟာရမှုန့်တိုက်ကျွေးရာတွင် (၆)လမှ(၃)နှစ်ထိကလေးများအားတိုက်ကျွေးပါသည်။

၇။ မိုးရာသီတွင် ကလေးများသွေးလွန်တုတ်ကွေး မဖြစ်စေရန် ခြင်နှိမ်နင်းရေးလုပ်ငန်းများကို တာဝန်ကျဆရာမများနှင့် ကျေးရွာလူထုပူးပေါင်း၍ဆောင်ရွက်ပါသည်။

၈။ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုးပေးခြင်း။ သန္ဓေအားဆေးနှင့် သံကျဆေးတိုက်ကျွေးခြင်း၊ လရင့်လာသောအခါဘီဝမ်းဆေးပြားပေးခြင်း စသောလုပ်ငန်းများဆောင်ရွက်ပေးပါသည်။ထိုအချက်များထက်ပို၍ကျန်းမာရေးနှင့်ပတ်သက်သော ကာကွယ်ရန်နည်းများကို သိရှိသောကျေးရွာသူ/သားများဖြစ်လာရန်အတွက် ကျေးရွာတွင်ဆေးခန်းများထားရှိခြင်းဖြင့် ဆရာမများ၏လမ်းညွှန်မှုအောက်တွင် စနစ်တကျလိုက်နာတတ်သောသူများ ဖြစ်လာရေးကိုသာအမြဲစောင့်မျှော်နေပါတော့သည်။

## မုံညှင်းမြေနီပြင်ကျေးရွာ၏ အစည်းဝေးမှတ်တမ်း

တည်နေရာ - မုံညှင်းအုပ်စု၊ မုံညှင်းမြေနီပြင်ကျေးရွာ၊မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။

အစည်းအဝေးပြုလုပ်ရခြင်း၏ရည်ရွယ်ချက် - လူမှုရေးပြမြေပုံဆွဲရန်နှင့်သုံးသပ်ရန်။

အစည်းအဝေးစတင်ချိန် - ည(၆း၃၀)နာရီ။

အစည်းအဝေးပြီးဆုံးချိန် - ည(၉း၃၀)နာရီ။

အစည်းအဝေးကြာချိန် - (၃း၀၀)နာရီ။

အစည်းအဝေးကျင်းပသည့်နေ့ရက် - ၄.၁၂.၂၀၁၉။

ပွဲပိုးသူ၏အမည် - ဦးဇော်မင်း

ကျေးရွာဖွံ့ဖြိုးရေးလူငယ် ဦးဇော်မင်း၊ဦးကျော်လင်းဦး၊ဒေါ်ဌေးကြည်တို့မှ အစည်းအဝေးတက်ရောက်သူများအားကြိုဆိုကာ မကျီးစုကျေးရွာ ဘုန်းတော်ကြီးကျောင်းမွှာရုံတွင် အက်ရှင်အေ့ဒ်မြန်မာမှ(၅)ရက်ကြာ သင်တန်း၏သင်ခန်းစာများကို ရှင်းလင်းပြောပြပြီး လူမှုရေးပြမြေပုံဆွဲရခြင်း၏ရည်ရွယ်ချက်ကိုရှင်းပြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလူငယ် ဦးဇော်မင်းမှကျေးရွာစာအုပ်ဖြစ်မြောက်ရေးအတွက် ကျေးရွာသူ/သားများဝိုင်းဝန်းကူညီပေးကြရန် တောင်းဆိုပါသည်။ ကျေးရွာဥက္ကဌဦးဝမ်းတူးမှလည်း အမျိုးသား/သမီးများကို မိမိတို့ကူညီနိုင်သည့်ရှုထောင့်တစ်နေရာကကူညီကြပါလို့ပြောကြားပါသည်။ထိုနောက်ဦးဗိုလ်လတ်မှလည်း ကျေးရွာသမိုင်းကျေးရွာစာအုပ်ဆိုတာ ရှိသင့်ရှိထိုက်ပါတယ်ဟု ပြောကြားပြီး လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံစတင်ရေးဆွဲပါတော့သည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ မုံညှင်းအုပ်စု
မုံညှင်းမြေနီပြင်ကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ၏
အစည်းအဝေးတက်ရောက်သူများစာရင်း

၁။ ဦးဇော်မင်း

၂။ ဦးကျော်လင်းဦး

၃။ ဦးဝမ်းတူး

၄။ ဦးဗိုလ်လတ်

၅။ ဦးသိုက်

၆။ ဦးမောင်ဝင်း

၇။ ဦးသိန်းစိုး

၈။ ဦးခင်မောင်ကြည်

၉။ ဦးဇော်ထွန်း

၁၀။ ဦးညွန့်ဝင်း

၁၁။ ဦးမင်းကြည်

၁၂။ ဦးမောင်နိုင်

၁၃။ ဦးတင်မျိုး

၁၄။ ဦးတင်ဝင်း

၁၅။ ဦးမျိုးသန့်

၁၆။ ဦးရဲထွန်း

၁၇။ ဦးအေးမောင်

၁၈။ ဦးဖိုးသောင်း

၁၉။ ဦးကျော်နိုင်

၂၀။ ဦးကျော်မင်းတင့်

၂၁။ ဦးခင်မောင်ကျော်

၂၂။ ဒေါ်ငွေးကြည်

၂၃။ မသိတာခိုင်

CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ မုံညွင်းအုပ်စု
မုံညွင်းမြေနီပြင်ကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ၏
အစည်းအဝေးတက်ရောက်သူများစာရင်း

၂၄။ မပေါ်ရွှေး

၂၅။ မဝင်းမာ

၂၆။ မမြင့်မြင့်

၂၇။ မမြို့ခင်

၂၈။ မအိကြိုင်

၂၉။ မညိမ်းပု


၃၀။ မမြို့ငွေ

၃၁။ မနှင်းနိုင်

၃၂။ မမြတ်စိုး

၃၃။ မမြခင်

ကျော်မြင့်အေး
ကျေးရွာအုပ်ချုပ်ရေးမှူး


4.12.2019
အညွှန်း -
တန်ခူး
ကဆုန်
နယုန်
ဝါဆို
ဝါခေါင်
တော်သလင်း
သီတင်းကျွတ်
တန်ဆောင်မုန်း
နတ်တော်
ပြာသို
တပို့တွဲ
တပေါင်း

## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ မုံညှင်းအုပ်စု၊ မုံညှင်းမြေနီပြင်ကျေးရွာ၏ ရာသီခွင်ပြဇယား အစီရင်ခံစာ

**စိုက်ပျိုးရေး**- မုံညှင်းမြေနီပြင်ကျေးရွာ၏ ရာသီဥတုမှာ တန်ခူးလတွင် အလွန်ပူပြင်းပြီး တောင်သူများမှာ စိုက်ထရေးများပြင်ဆင်ကြသည်။

**ကျန်းမာရေး**-ကျန်းမာရေးမှာ ကလေးသူငယ်များ နေပူပြင်း၍မျက်စိနာကြပါသည်။

**ပညာရေး** - ပညာရေးမှာနွေရာသီတွင် ကျောင်းပိတ်ရက်ဖြစ်၍ ယဉ်ကျေးမှု ဗုဒ္ဓစာပေဖြစ်သော(၃၈)ဖြာမင်္ဂလာ၊ အဘိဓမ္မာ၊ ဓမ္မစကြာ၊ပဋ္ဌာန်းစသော တရားစာပေတို့ကို ဦးသိန်းစိုး၊ဦးခင်မောင်ကြည် တို့မှသင်ကြားပို့ချပေးပါသည်။

**ဘာသာရေး** -သင်္ကြန်အကြိုနေ့မှစ၍ နှစ်ဆန်းတစ်ရက်နေ့အထိ လူအများတို့ ဥပုသ်သီလဆောက်တည်၍နှစ်ဆန်းတစ်ရက်နေ့ညနေပိုင်းတွင်သံဃာတော်အရှင်သူမြတ်များအားပင့်လျှောက်၍အန္တရာယ်ကင်းပရိတ်ကမ္မဝါတရားများနာကြားကြပါသည်။

**မွေးမြူရေး**-ဆိတ်၊ နွားများကိုမွေးမြူကြသည်။တောင်သူများ၏ဝင်ငွေမှာ မရှိပါ။ ထွက်ငွေမှာ၃၀၀၀ဝိ/ကျပ်ခန့်ရှိသည်။နေ့စားဝင်ငွေမှာ၃၀၀၀ဝိ/ဝင်ငွေရှိပါသည်။ နေ့စားထွက်ငွေမှာ၅၀၀၀ဝိ/ကျပ်ခန့်ရှိသည်။ ဝမ်းစာဖူလုံမှုမှာ အသင့်အတင့်သာ ရှိပါသည်။

**ကဆုန်** - မိုးအသင့်အတင့်ရွာ၍ ကောက်ပဲသီးနှံများ စိုက်ပျိုးကြသည်။ ကျန်းမာရေးမှာ နေပူပြင်း၍ ကလေးသူငယ်များစွာ ဖျားနာကြပါသည်။ ပညာရေး၊ဘာသာရေးမှာကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ယဉ်ကျေးမှုဗုဒ္ဓဘာသာစာမေးပွဲ ကျင်းပဖြေဆိုကြ၍ ပရိတ်၊ ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်တို့ ရွတ်ဖတ်ပူဇော်ကြသည်။ လပြည့်ကျော်၇၊၈ရက်များတွင် နယ်သူ/သားများက ကုန်သည်ကြီး ဘဖိုးတူ၏ ရိုးရာနတ်ပွဲကျင်းပကြသည်။ မွေးမြူရေးမှာ ဆိတ်၊နွားများမွေးမြူကြသည်။ တောင်သူများ၏ ထွက်ငွေမှာ ၁၅၀၀၀ဝိ/ကျပ်ခန့်ရှိပါသည်။ ဝင်ငွေမရှိပါ။ နေ့စားလုပ်သားများ၏ ဝင်ငွေမှာ ၄၅၀၀ဝိ/ခန့်ရှိသည်။ ထွက်ငွေမှာ၆၀၀၀ဝိ/ခန့်ရှိသည်။ ဝမ်းစာဖူလုံမှုမှာ အသင့်အတင့်ရှိပါသည်။

**နယုန်လ** - နေအသင့်အတင့်ပူ၍ မိုးအသင့်အတင့်ရွာပြီး စိုက်ခင်းများ ပေါင်းနုတ်ခြင်း ပေါင်းရှင်းစေ၍ ထွန်ချခြင်းများပြုလုပ်သည်။ ပညာရေးမှာ ကျောင်းသား/သူများကျောင်း စတင်ဖွင့်လှစ်၍ စာသင်ကျောင်းတွင် ပညာသင်ကြားကြသည်။ တောင်သူများ၏ထွက်ငွေမှာ၁၅၀၀၀ဝိ/ကျပ်ခန့်ရှိပါသည်။ ဝင်ငွေမရှိပါ။နေ့စား

လုပ်သားများ၏ဝင်ငွေမှာ ၆၀၀၀ဝိ/ ခန့်ရှိသည်။ထွက်ငွေမှာ ၅၀၀၀ဝိ/ ခန့်ရှိသည်။ ဝမ်းစာဖူလုံမှုမှာ အသင့်အတင့်ရှိပါသည်။

ဝါဆိုလ - ရာသီဥတုအသင့်အတင့်ရှိပြီး အချို့သောသီးနှံများမှာ ဖူးပွင့်စပြု၍ အစေ့အဆံ အောင်မြင်ဖြစ်ထွန်းနိုင်ရန်ဆေးများ ပတ်ဖျန်းသည်။ ကျန်းမာရေးတွင် ကလေးများရဲဖန်ရဲခါတွင်ဝမ်းပျက်ဝမ်းလျှောဖြစ်တတ်သည်။ တောင်သူများ၏ထွက်ငွေမှာ ၁၅၀၀၀ဝိ/ ကျပ်ခန့်ရှိပါသည်။ဝင်ငွေမရှိပါ။နေ့စားလုပ်သားများ၏ဝင်ငွေမှာ ၆၀၀၀ဝိ/ ခန့်ရှိသည်။ ထွက်ငွေမှာ ၅၀၀၀ဝိ/ ခန့်ရှိသည်။ဝမ်းစာဖူလုံမှုမှာအသင့်အတင့်ရှိပါသည်။

ဝါခေါင်လ -နေအသင့်အတင့်ပူပြီး မုတ်သုံလေဝင်ရောက်စပြုလာသည်။ပဲတီစိမ်းများကို ရိတ်သိမ်းပြီးထွန်ယက်ကြသည်။တောင်သူများ၏ထွက်ငွေမှာ၆၀၀၀၀ဝိ/ ကျပ်ခန့်ရှိပါသည်။နေ့စားလုပ်သားများ၏ဝင်ငွေမှာ ၈၀၀၀ဝိ/ ခန့်ရှိသည်။ ထွက်ငွေမှာ ၆၀၀၀ဝိ/ ခန့်ရှိသည်။ဝမ်းစာဖူလုံမှုမှာ အသင့်အတင့်ရှိပါသည်။

တော်သလင်းလ-မိုးဥတုနေပူပြီး မိုးလည်းများသည်။ တောင်သူများမှာလည်းနှမ်းများစိုက်ပျိုးကြသည်။ ဘိုးဘွားအစဉ်အဆက်ဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို တော်သလင်းလဆန်း(၈)ရက်နေ့နံနက်တွင်ဆုတောင်းပြည့်မြတ်စွာဘုရားသို့သွားရောက်ပြီးသံဃဒါနဆွမ်းလောင်းပွဲကြီးကိုစည်ကားသိုက်မြိုက်စွာကျင်းပပြီးနေ့ခင်းအချိန်တွင် ၃၈ဖြာမင်္ဂလာတရားတော်ရေးဖြေစာမေးပွဲကိုရွာဦးကျောင်းတွင် ကျင်းပပြုလုပ်၍အနယ်နယ်အရပ်ရပ်မှမင်္ဂလာတရားတော် စာဖြေကြွရောက်လာကြပါသည်။ လာရောက်ဖြေဆိုကြသော ဓမ္မမိတ်ဆွေတော်များအား အဆင့်အလိုက်အောင်ဆုများချီးမြှင့်ကြသည်။ မင်္ဂလာစွယ်စုံ အသင်းသား/ သူများမှလည်း အာဟာရဒါနများဖြင့် ကျွေးမွေးဧည့်ခံပြီးညနေပိုင်းတွင်ပြုလုပ်ပြီးသော ကောင်းမှုအစုစုတို့ကို ရေစက်သွင်းချ အမျှပေးဝေကြသည်။ အနယ်နယ်အရပ်ရပ်သို့သွားရောက်လုပ်ကိုင်ကြသောရွှေ့ပြောင်းလုပ်သားများလည်း ဘုရားပွဲသို့ပြန်လာကြသည်။ တောင်သူများ၏ထွက်ငွေမှာ၆၀၀၀ဝိ/ ကျပ်ခန့်ရှိပါသည်။ ဝင်ငွေမရှိပါ။ နေ့စားလုပ်သားများ၏ဝင်ငွေမှာ ၆၀၀၀ဝိ/ ခန့်ရှိသည်။ ထွက်ငွေမှာ ၆၀၀၀ဝိ/ ခန့်ရှိသည်။ဝမ်းစာဖူလုံမှုမှာ အသင့်အ တင့်ရှိပါသည်။

သီတင်းကျွတ်လ -ဗုဒ္ဓရုပ်ပွားတော်များကို ဆီမီးများထွန်းညှိပူဇော်ပြီး သက်ကြီးရွယ်အိုများကို မုန့်ပဲ၊သွားရည်စာများဖြင့် ပူဇော်ကန်တော့ကြသည်။မိုးသည်းထန်စွာရွာပြီး နေအသင့်အတင့်ပူသည်။နှမ်းစိုက်ခင်းများကို မြေဆီကျွေးပေါင်းသင်ထွန်ဝင်ကြသည်။ ကျန်းမာရေးတွင်တုတ်ကွေးဖျားနာတတ်ကြသည်။ တောင်သူများ၏ ထွက်ငွေမှာ၂၀၀၀၀ဝိ/ ကျပ် ခန့်ရှိပါသည်။ နေ့စားလုပ်သားများ၏ဝင်ငွေမှာ ၆၀၀၀ဝိ/ ခန့်ရှိသည်။ ထွက်ငွေမှာ ၅၀၀၀ဝိ/ ခန့်ရှိသည်။ ဝမ်းစာဖူလုံမှုမှာ အသင့်အတင့်ရှိပါသည်။

တန်ဆောင်မုန်းလ -ကထိန်ပွဲတော်များကျင်းပကြသည်။ တောင်သူများမှာလည်း မြေပဲများကိုနှုတ်ကြသည်။ ရာသီဥတုမှာနှင်းများကျ၍ချမ်းအေးသည်။ကျန်းမာရေး

CS CamScanner

တွင်နှာစေး၊ ချောင်းဆိုး ဖြစ်ကြသည်။ တောင်သူများ၏ ထွက်ငွေမှာ ၃၀၀၀၀ဝိ/ကျပ်ခန့်ရှိပါသည်။ ထွက်ငွေမှာ ၁၅၀၀ဝိ/ခန့် ရှိသည်။ နေ့စားလုပ်သားများ၏ဝင်ငွေမှာ ၉၀၀၀ဝိ/ခန့် ရှိသည်။ ထွက်ငွေမှာ ၆၀၀၀ဝိ/ခန့်ရှိသည်။ ဝမ်းစာဖူလုံမှုမှာ အဆင်ပြေပါသည်။

